၂၅-၁၀-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန် (တစ်ပြည်) | | | ဆီ (တစ်ပိဿာ) | | စက်သုံးဆီ (တစ်လီတာ) | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား) | ဒေါ်လာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | Octane 95 | Octane 92 | ဒီဇယ် (ရိုးရိုး) | အဆင့်မြင့်ဒီဇယ် | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၅၀၀ | ၂၈၀၀၀ | ၁၀၂၄၇ | ၄၄၅၅ | ၄၄၀၅ | - | ၄၇၂၀ | ၄၈၀၀၀၀၀ | |
| ၂ | လားရှိုး | | | | | | | | | | | |
| ၃ | ကျိုင်းတုံ | ၄၈၀၀ | | ၇၇၀၀ | ၂၀၀၀၀ | - | ၄၂၅၀ | ၄၁၀၀ | ၄၁၀၀ | - | ၅၆၃၀၀၀၀ | |
| ၄ | တောင်ကြီး | ၃၅၀၀ | ၃၄၀၀ | ၇၂၀၀ | ⬆၂၀၀၀၀ | ၇၁၈၅ | ၃၃၉၅ | ၃၁၈၅ | ၂၇၂၀ | ၃၃၆၅ | ၅၃၀၀၀၀၀ | |
| ၅ | လွိုင်ကော် | ၅၀၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၈၂၀၀ | ၃၄၁၀ | ၃၂၀၀ | ၂၇၃၀ | ၃၃၈၀ | | |
| ၆ | ဘားအံ | ၃၆၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၁၅၀ | ၃၃၆၀ | ၃၁၅၀ | ၂၆၈၅ | ၃၃၃၀ | ၅၀၀၀၀၀၀ | |
| ၇ | မော်လမြိုင် | ၃၄၀၀ | | ၅၆၀၀ | ၁၉၀၀၀ | ၇၀၈၅ | ၃၃၇၅ | ၃၁၆၅ | ၂၇၀၀ | ၃၃၄၅ | ၅၂၅၀၀၀၀ | |
| ၈ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၃၃၈၅ | ၃၁၇၅ | ၂၇၁၀ | ၃၃၅၅ | ၆၆၂၀၀၀၀ | |
| ၉ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၇၇၅၀ | ၃၅၀၀ | ၃၄၀၀ | ၃၄၀၀ | ၃၄၅၀ | ၆၇၀၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၆၆၅၀ | ၃၂၉၀ | ၃၀၈၀ | ၂၆၁၅ | ၃၂၆၀ | ၅၆၂၆၉၀၀ | ၂၁၀၀ |
| ၁၁ | ပုသိမ် | ၃၄၀၀ | | ၅၁၀၀ | ၂၂၀၀၀ | ၇၁၀၀ | ၃၃၅၅ | ၃၁၄၅ | ၂၆၇၅ | ၃၃၂၅ | ၆၆၈၀၀၀၀ | |
| ၁၂ | စစ်တွေ | | | | | | | | | | | |
| ၁၃ | ဟားခါး | | | ၁၀၅၀၀ | ၂၆၀၀၀ | - | ၃၈၁၅ | ၃၆၀၅ | ၃၁၃၅ | ၃၇၈၅ | ၆၀၀၀၀၀၀ | |
| ၁၄ | မုံရွာ | ၃၇၀၀ | ၃၇၀၀ | ၆၅၀၀ | ၁၄၅၀၀ | ၇၃၀၀ | ၃၄၀၀ | ၃၁၉၀ | ၂၇၂၀ | ၃၃၇၀ | ၅၅၃၁၅၀၀ | |
| ၁၅ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၂၆၀ | ၃၃၇၀ | ၃၁၆၀ | ၂၆၉၅ | ၃၃၄၀ | ၅၅၃၁၅၀၀ | |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၄၅၀၀ | ၇၃၀၀ | ၃၃၇၅ | ၃၁၆၅ | ၂၆၉၅ | ၃၃၄၅ | ၆၂၅၀၀၀၀ | |
| ၁၇ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၅၀၀၀ | ၇၁၀၀ | ၃၃၇၅ | ၃၁၆၅ | ၂၆၉၅ | ၃၃၄၅ | ၅၅၄၂၀၀၀ | |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၃၃၃၀ | ၃၁၂၀ | ၂၆၅၅ | ၃၃၀၅ | ၅၃၉၉၀၀၀ | |
| ၁၉ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၀၀၀ | ၃၃၀၀ | ၃၀၉၀ | ၂၆၂၅ | ၃၂၇၀ | ၅၅၀၀၀၀၀ | |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၁၈၀ | ၃၃၄၅ | ၃၁၃၅ | ၂၆၇၀ | ၃၃၂၀ | ၅၆၂၆၉၀၀ | |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၁၈၀ | ၃၃၄၅ | ၃၁၃၅ | ၂၆၇၀ | ၃၃၂၀ | ၅၆၂၆၉၀၀ | |
| ၂၂ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၃၇၉၀ | ၃၃၂၀ | ၃၉၇၀ | ၆၁၀၀၀၀၀ | |

Source: ပြည်တွင်းဌာနခွဲ

The Consumer Affairs News Letter

Monthly News Letter | October 2024 | Department of Consumer Affairs

## စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပ



စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ(က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန်၊ စားသုံးသူနှင့်စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန်နှင့်အတည်ပြုဆုံးဖြတ် ပေးရန်တို့အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၁) ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်စားသုံးသူရေးရာ ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပါသည်။ အဆိုပါ ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အနည်းဆုံး သုံးလလျှင် တစ်ကြိမ် ကျင်းပရမည်ဖြစ်ရာ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ဧရာဝတီတိုင်းဒေသကြီးစားသုံးသူရေးရာ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၇-၉-၂၀၂၄ ရက်နေ့တွင် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၃၀-၉-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၃၀-၉-၂၀၂၄ ရက်နေ့တွင် လည်းကောင်း စုစုပေါင်း (၃) ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

Source: ကော်မရှင်

*၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။*

## သတင်းခေါင်းစဉ်များ


**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ** ၁

၁။ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

**ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ** ၄

၂။ ဩစတြေးလျယှဉ်ပြိုင်မှုနှင့် စားသုံးသူကော်မရှင်အနေဖြင့် ဩစတြေးလျနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော စားသုံးသူထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းများ

၃။ အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် ညှိနှိုင်းဆွေးနွေးမှုများအတွက် အဋ္ဌမအကြိမ် ယှဉ်ပြိုင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့အဆင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့ခြင်း

**စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ** ၇

၄။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း CICC များသို့ တိုင်ကြားမှုဖြေရှင်းပြီးစီးမှုနှင့် ဖြေရှင်းရန်ကျန်စာရင်း

၅။ အင်တာနက်ဝန်ဆောင်မှုကုမ္ပဏီနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၆။ Mobile Sale & Service ဆိုင်၏ ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်း အပေါ်ဖြေရှင်းပေးမှုအခြေအနေ

**ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ** ၉

၇။ တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

၈။ ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

၉။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

၁၀။ ၂၀၂၄ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

**စားသုံးသူအသိပညာပေးရေးကဏ္ဍ** ၁၄

၁၁။ တိုင်းဒေသကြီးများအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၂။ ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၃။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

**သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ** ၁၉

၁၄။ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှု ဌာနစု(လှည်းကူး)ရှိ ဓာတ်ခွဲခန်းအလိုက် စက်တင်ဘာလအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ

**ကုန်သွယ်မှုကဏ္ဍ** ၂၀

၁၅။ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာ ဈေးနှုန်းများ




*စာမျက်နှာ ၁၈ မှအဆက်*

အနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့၊ အစိုးရနည်းပညာအထက်တန်းကျောင်း၊ တောင်ကြီးမြို့၊ အမှတ် (၁၁) အ. ထ. က ကျောင်းတို့ရှိ ဆရာဆရာမများနှင့်ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။ **Source:** ပြည်နယ်ဦးစီးမှူးရုံးများ

### ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှု

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများအနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ တားမြစ်ချက်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းတို့နှင့် စပ်လျဉ်းသည့် စားသုံးသူအသိပညာပေးလုပ်ငန်းများကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း အသိပညာပေးဟောပြောပွဲကျင်းပခြင်း (၂၃၄) ကြိမ်၊ စီးပွားရေးလုပ်ငန်းရှင်နှင့်တွေ့ဆုံဆွေးနွေးခြင်း (၂၅၈) ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း ( ၂ ) ကြိမ်၊ သင်တန်းဖွင့်လှစ်ခြင်း ( ၂ ) ကြိမ်တို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ပညာပေး

## သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ

### ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှု ဌာနစု(လှည်းကူး)ရှိ ဓာတ်ခွဲခန်းအလိုက် စက်တင်ဘာလအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှု အခြေအနေ

စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့်အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး) ၏ ဓာတ်ခွဲခန်းများမှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း လုပ်ငန်းရှင် (၄၁) ဦးက အပ်နှံလာသော သီးနှံအမျိုးအစား (၁၄) မျိုး၊ စုစုပေါင်း နမူနာအရေအတွက် (၈၁) ခု၊ ဓာတ်ခွဲစမ်းသပ်မှုပေါင်း (၂၂၃) ခုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း လယ်ယာထွက်ကုန် ပို့ကုန်များအား စင်္ကာပူနှင့် ဂျပန်နိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ဆန်ကွဲ၊ နှမ်းနက်သိပ္ပံ၊ ပဲတီစိမ်း၊ ပဲလွန်းဖြူ ဘိုကိတ်ပဲ၊ ကော်ဖီစေ့၊ ဂျုံ၊ နှမ်းညို၊ ငါးစာ၊ ပဲပိစပ်စာ၊ တိရစ္ဆာန်အစာ၊ ဆန်ဖြူ ပေါင်းဆန်စသည်တို့၏ ဓာတုအရည်အသွေး၊ ပိုးသတ်ဆေးကြွင်းပါရှိမှု၊ မှိုဆိပ်ပါရှိမှုစသည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကိုလည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ တင်သွင်းလာသည့် စားအုန်းဆီများ၏ အရည်အသွေးများကိုလည်းကောင်း ဓာတ်ခွဲစမ်းသပ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဓာတ်ခွဲခန်းအလိုက် ဓာတ်ခွဲစမ်းသပ်မှုအနေဖြင့် ပိုးသတ်ဆေးကြွင်းဆိုင်ရာ ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု (၃၇) ခု၊ မှိုဆိပ်ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု (၁၂) ခု၊ ဆီနှင့်ဆီထွက် သီးနှံ ဓာတ်ခွဲခန်းမှဓာတ်ခွဲစမ်းသပ်မှု (၁၆၁) ခု၊ သီးနှံ (ဓာတု) ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု (၁၃) ခု စုစုပေါင်း ဓာတ်ခွဲစမ်းသပ်မှု (၂၂၃) ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** သတင်း/နည်း

*စာမျက်နှာ ၁၇ မှအဆက်*

ကျောင်းသားကျောင်းသူများ၊ ဗန်းမော်မြို့ ခိုကျင်ရပ်ကွက်နှင့် မိုးညှင်းမြို့ အုတ်ကျင်းရပ်ကွက်၊ အေးမြသာယာရပ်ကွက်တို့ရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာအသိပညာ ပေးဟောပြောခဲ့ကြောင်း၊ မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်ရှိ Online Shop လုပ်ငန်းရှင်များ၊ အေးမြသာယာရပ်ကွက်ရှိ စားသောက်ကုန်မျိုးစုံဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များ၊ ဗန်းမော်မြို့ စတီးသံပန်းပြုလုပ်ရောင်းချသည့် လုပ်ငန်းရှင်များ၊ လျှပ်စစ်ပစ္စည်းရောင်းချသည့်လုပ်ငန်းရှင်များ၊ ဆိုင်ကယ်နှင့် ဆိုင်ကယ်အပိုပစ္စည်း ရောင်းချသည့် လုပ်ငန်းရှင်များ၊ မိုးညှင်းမြို့ ကုန်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းရှင်များနှင့် ပရိဘောဂရောင်းဝယ်ရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ သိသာထင်ရှားစွာ ဖော်ပြရမည့် အချက်များ၊ တားမြစ်ချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း၊ ထို့အပြင် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း ၍ စားသုံးသူပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအား အသိပညာပေး ဆောင်ရွက်မှုများလည်း ပြုလုပ်ခဲ့ကြောင်း၊ မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် မော်လမြိုင်မြို့နယ်ရှိ သီရိမြိုင် အ. မ. က (လွန်) ကျောင်း၊ အောင်တော်မူ (မူလွန်) ကျောင်း၊ ချောင်းဆုံမြို့နယ်ရှိ အ. မ. က (ကွမ်လမိုင်တောင်) ကျောင်း၊ အ. မ. က (ပလဝမ်း) ကျောင်း၊ အ. မ. က (နတ်မော်သစ်) ကျောင်း၊ အ. မ. က (စော်ကဲတောင်) ကျောင်း၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်ရှိ အ. မ. က (နှင်းပုလဲကွက်သစ်) ကျောင်းတို့ရှိ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများနှင့် မုံရွာမြို့နယ်ဝက်တဲကျေးရွာနှင့် ညောင်ကုန်းကျေးရွာတို့ရှိ စားသုံးသူပြည်သူများ၊ မော်လမြိုင်မြို့နယ်ရှိ ဘဏ်မှ တာဝန်ရှိသူများတို့အား အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း၊ ကျိုက်မရောမြို့နယ်၊ ဘီးလင်းမြို့နယ်၊ သထုံမြို့နယ်၊ ကျိုက်ထိုမြို့နယ်တို့ရှိ လူထုအခြေပြုဗဟိုဌာနနှင့် ပူးပေါင်း၍ အွန်လိုင်းမှတစ်ဆင့်ဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ သိကောင်းစရာများ Talk Show ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း၊ ထို့ပြင် ချောင်းဆုံမြို့နယ်ရှိ ဆန်စက်လုပ်ငန်းရှင်များနှင့် ဆီစက်လုပ်ငန်းရှင်များ၊ မော်လမြိုင်မြို့ရှိ အအေးခန်းလုပ်ငန်းရှင်များ၊ မုံရွာမြို့နယ်မှ ဆန်စက်လုပ်ငန်းရှင်၊ မော်လမြိုင်မြို့နယ်ရှိ အိမ်တွင်းမှု တစ်ပိုင်တစ်နိုင်ထုတ်လုပ်သည့် ဝဥကြာဖီမာလာနှင့် မာလာရှမ်းကောအသင့်စားလုပ်ငန်းရှင်နှင့် အာလူးကြော်ထုတ်လုပ်သည့် လုပ်ငန်းရှင်များ၊ ဘီးလင်းမြို့နယ်ရှိ အွန်လိုင်းစနစ်ဖြင့် ရောင်းချသူလုပ်ငန်းရှင်များ၊ ကျိုက်မရောမြို့နယ်ရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ မွန်ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သော သင်တန်းရှိ စီးပွားရေးလုပ်ငန်းရှင်များအား အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် အွန်လိုင်းမှ တစ်ဆင့်ဝယ်ယူခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များ အကြောင်း ဆွေးနွေးခဲ့ကြောင်း၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး

*စာမျက်နှာ ၁၉ ကော်လံ ၁ သို့*



# ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ

## ဩစတြေးလျယှဉ်ပြိုင်မှုနှင့် စားသုံးသူကော်မရှင်အနေဖြင့် ဩစတြေးလျနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော စားသုံးသူထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းများ

*ယခင်လမှအဆက်*

ဩစတြေးလျ ယှဉ်ပြိုင်မှုနှင့် စားသုံးသူကော်မရှင် (Australian Competition and Consumer Commission-ACCC) သည် စားသုံးသူများအတွက် ကမ္ဘာ့ဈေးကွက်အတွင်း ပိုမိုကောင်းမွန်သည့် လုံခြုံစိတ်ချရမှုရှိသော ကုန်စည်နှင့် ဝန်ဆောင်မှုများရရှိနိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

OECD ၏ စားသုံးသူထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ (Working Party on Consumer Product Safety-WPCPS) နှင့် အတူ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် စားသုံးသူထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အွန်းလိုင်းရှင်းလင်းမှု (Consumer Product Safety Online Sweep) ကို စတင်လုပ်ဆောင်ခဲ့ရာ နိုင်ငံပေါင်း ၂၁ နိုင်ငံတွင် ကုန်စည်ပေါင်း ၄,၂၉၉ ခုအား ရှင်းလင်းစစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ အွန်လိုင်းပေါ်ရှိ လုံခြုံမှုမရှိသော ထုတ်ကုန်များသည် ရုပ်ပိုင်းဆိုင်ရာထိခိုက်မှု၊ ငွေကြေးဆိုင်ရာ ထိခိုက်မှုများနှင့် သေဆုံးမှုအပါအဝင် သုံးစွဲသူများအတွက် ဆိုးရွားသော ဘေးအန္တရာယ်များကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် အွန်လိုင်းမှ ဈေးဝယ်သည့်အခါ စားသုံးသူအန္တရာယ်ဖြစ်စေနိုင်သည့် အရင်းအမြစ်များအဖြစ် သတ်မှတ်ထားသော ပြဿနာသုံးခုဖြစ်သည့် တားမြစ်ထားသော သို့မဟုတ် ပြန်လည်သိမ်းဆည်းထားသော ကုန်စည်များ၊ ကုန်အညွှန်းအမှတ်အသား ပြည့်စုံလုံလောက်မှု မရှိခြင်းနှင့် ဘေးကင်းလုံခြုံမှုအတွက် သတိပေးချက်မပါရှိသော ကုန်စည်များနှင့် ဘေးကင်းမှုဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိသော ကုန်စည်များအား ဆန်းစစ် လေ့လာခဲ့ပါသည်။ ထိုသို့ လေ့လာမှုပြုရာတွင် ကုန်စည်အမျိုးအစားများအနေဖြင့် ကလေးကစားစရာအရုပ်များ/ဂိမ်းများ၊ အိမ်သုံးလျှပ်စစ် ပစ္စည်းများ၊ အခြားအိမ်သုံးပစ္စည်းများ၊အားကစားပစ္စည်းများ/အပန်းဖြေပစ္စည်းများ၊ အဝတ်အစားများ၊မွေးကင်းစကလေးပစ္စည်းများနှင့် portable technology စသည့် ကုန်စည်အမျိုးအစား (၇) ခုကို အဓိကထား ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် အွန်လိုင်းမှ ဈေးဝယ်ယူသည့်အခါ ဘေးကင်းလုံခြုံသော ကုန်စည်များ ဝယ်ယူနိုင်ရေးအတွက် စားသုံးသူများအား တွန်းအားပေးရန်နှင့် စီးပွားရေးလုပ်ငန်း၏ အသိအမြင်ကို မြှင့်တင်ရန် ရည်ရွယ်၍ ကိုရီးယားစားသုံးသူအေဂျင်စီ (Korea Consumer Agency)နှင့် ပူးပေါင်းပြီး အွန်လိုင်းပေါ်ရှိ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး OECD ကမ္ဘာလုံးဆိုင်ရာ အသိပညာပေးကမ်ပိန်း (OECD Global Awareness Campaign on Online Product Safety) ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ

*စာမျက်နှာ ၄ ကော်လံ ၁ သို့*

စာမျက်နှာ ၃ မှအဆက်

၁၄ ရက်နေ့မှ ၁၇ ရက်နေ့ထိ ကျင်းပခဲ့ပါသည်။ အဆိုပါ အသိပညာပေးကမ်ပိန်းမှတစ်ဆင့် အွန်လိုင်းမှ ရောင်းချသူများအတွက် ၎င်းတို့၏ တာဝန်ဝတ္တရားများနှင့် ဈေးကွက်ရှာဖွေခြင်းဆိုင်ရာ လမ်းညွှန်ချက်များကိုလည်းကောင်း၊ အွန်လိုင်းဈေးကွက်များအတွက် ၎င်းတို့၏ ပလက်ဖောင်းပေါ်ရှိ လုံခြုံမှုမရှိသော ထုတ်ကုန်များကို ဖယ်ရှားခြင်း၊ ၎င်းတို့၏ ပလက်ဖောင်းမှ လုံခြုံစိတ်ချရမှုမရှိသည့် ထုတ်ကုန်များကို ဝယ်ယူမိခဲ့သော စားသုံးသူများနှင့် ယုံကြည်မှုတည်ဆောက်ရာတွင် ဆောင်ရွက်သင့်သည့်အချက်များကိုလည်းကောင်း၊ စားသုံးသူများအတွက် ကုန်စည်များအား ဝယ်ယူခြင်းမပြုမီဖြစ်စေ၊ ဝယ်ယူပြီးသည့်အချိန်တွင်ဖြစ်စေ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ စစ်ဆေးသင့်သည့်အချက်များကိုလည်းကောင်း အသိပညာပေး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

ဩစတြေးလျနိုင်ငံ၏ ထုတ်ကုန်လုံခြုံစိတ်ချရမှုစနစ်တွင် စားသုံးသူအသင်းအဖွဲ့များ၊ ထောက်ခံအားပေးသူများအဖွဲ့နှင့် ကော်မတီများ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ဩစတြေးလျနိုင်ငံရှိ စားသုံးသူအသင်းအဖွဲ့များအနက် ဩစတြေးလျစားသုံးသူများ ဖက်ဒရေးရှင်း (Consumers’ Federation of Australia-CFA) သည် မတူကွဲပြားသော စားသုံးသူ အဖွဲ့အစည်းများကို ကိုယ်စားပြုပြီး စားသုံးသူများ၏ အကျိုးစီးပွားကို မြှင့်တင်ရန် အထူးသဖြင့် ဝင်ငွေနည်းသော စားသုံးသူများ၏ အကျိုးစီးပွားကို မြှင့်တင်နိုင်ရေး ရည်ရွယ်ဖွဲ့စည်းထားပါသည်။ ထို့နောက် စားသုံးသူအရေးယူမှု ဥပဒေစင်တာ (Consumer Action Law Centre) အနေဖြင့် ဥပဒေရေးရာ အကြံဉာဏ်များ အခမဲ့ပေးအပ်ခြင်းနှင့် ထိခိုက်လွယ်သော စားသုံးသူများ၏ ကိုယ်စားတရားစွဲ ဆိုပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ ဌာနေစားသုံးသူကူညီပေးရေး ကွန်ရက် (Indigenous Consumer Assistance Network-ICAN) အနေဖြင့် နိုင်ငံတဝှမ်းရှိ ဒေသခံစားသုံးသူများအား အသိပညာပေးခြင်း၊ စည်းရုံးခြင်းနှင့် ငွေကြေးဆိုင်ရာ အကြံဉာဏ်ပေးခြင်း ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဩစတြေးလျနိုင်ငံရှိ စားသုံးသူထောက်ခံအားပေးသူ အဖွဲ့များအနက် CHOICE သည် သက်တမ်း ၆၅ နှစ်ခန့်ရှိသော အကြီးမားဆုံးအဖွဲ့အစည်းဖြစ်စားသုံးသူများအား သတင်းအချက်အလက်နှင့်အကြံဉာဏ်များပေးခြင်း၊ စားသုံးသူအခွင့်အရေးများအတွက် ထောက်ခံအားပေးခြင်းနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် သုတေသနှင့်စမ်းသပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ သုတေသနနှင့် စမ်းသပ်စစ်ဆေးဆောင်ရွက်နိုင်ရန်တွက် CHOICE ရှိ ဓာတ်ခွဲခန်းများကို အမျိုးသားစမ်းသပ်မှု အာဏာပိုင်အဖွဲ့ (National Association of Testing Authorities-NATA) က အသိအမှတ်ပြုထားပါသည်။ အဆိုပါ ဓာတ်ခွဲခန်းများတွင် ကျွမ်းကျင်ပညာရှင်များက ကုတင်များ၊ တွန်းလှည်းများနှင့် ကလေးကစားစရာများကဲ့သို့သော အိမ်သုံးပစ္စည်းများ၊ ရေခဲသေတ္တာနှင့် အဝတ်လျှော်စက်များကဲ့သို့သော အိမ်သုံးပစ္စည်းများမှ ငွေကြေးဝန်ဆောင်မှုများအထိ စံချိန်စံညွှန်းအမျိုးမျိုးရှိသော ထုတ်ကုန်များကို ကျယ်ကျယ်ပြန့်ပြန့်

စာမျက်နှာ ၅ ကော်လံ ၁ သို့



စာမျက်နှာ ၁၆ မှအဆက်

ကုန်မျိုးစုံနှင့် စားသောက်ကုန်လုပ်ငန်းရှင်များ၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ ချောက်မြို့၊ ရေနံချောင်းမြို့များရှိ ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များ၊ တောင်တွင်းကြီးမြို့၊ ရေနံချောင်းမြို့များရှိ ဆန်အရောင်းဆိုင်များ၊ မကွေးမြို့၊ မြို့သစ်မြို့များရှိ စားသုံးဆီအရောင်းဆိုင်များ၊ မကွေးမြို့၊ ရေနံချောင်းမြို့များရှိ အလှကုန်လုပ်ငန်းရှင်များ၊ ချောက်မြို့ရှိ စိုက်ပျိုးရေးဆေးပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များ၊ မင်းဘူးခရိုင်အတွင်း ပွင့်ဖြူမြို့၊ မင်းဘူးမြို့များရှိ ကုန်မျိုးစုံနှင့်စားသောက်ကုန်လုပ်ငန်းရှင်များ၊ ပွင့်ဖြူမြို့ရှိ ဓာတ်မြေဩဇာအရောင်းဆိုင်လုပ်ငန်းရှင်များ၊ စလင်းမြို့ရှိ စားသုံးဆီလုပ်ငန်းရှင်များ၊ စလင်းမြို့ရှိ ဆန်ဆိုင်လုပ်ငန်းရှင်များ၊ ပွင့်ဖြူမြို့ရှိ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များ၊ သရက်ခရိုင်အတွင်း ကံမမြို့၊ အောင်လံမြို့များရှိ အလှကုန်လုပ်ငန်းရှင်များ၊ ကုန်မျိုးစုံနှင့် စားသောက်ကုန်လုပ်ငန်းရှင်များ၊ သရက်မြို့၊ မင်းတုန်းမြို့၊ ကံမမြို့များရှိ ဆန်ဆိုင်လုပ်ငန်းရှင်များ၊ ကံမမြို့ရှိ စားအုန်းဆီအရောင်းဆိုင်ရှင်များ၊ ပခုက္ကူမြို့ရှိ ကုန်မျိုးစုံနှင့် စားသောက်ကုန်လုပ်ငန်းရှင်များ၊ ဂန့်ဂေါမြို့ရှိ သောက်ရေသန့်လုပ်ငန်းရှင်များ၊ ဆိပ်ဖြူမြို့ရှိ စက်သုံးဆီအရောင်းဆိုင်ရှင်များ၊ ဆိပ်ဖြူမြို့ရှိ စတိုးဆိုင်လုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအကြောင်း အသိပညာပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ထားဝယ်မြို့၊ အ. ထ. က (ကိုယ်ပိုင်) ကျောင်း၊ မြိတ်မြို့၊ အ. ထ. က (၂) ကျောင်း၊ ကော့သောင်းမြို့၊ အ. လ. က (သီရိမြိုင်) ကျောင်းတို့ရှိ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများအား အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့ရာ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူအခွင့်အရေး (၈) ချက်နှင့် လိုက်နာရမည့် တာဝန်များအကြောင်း၊ အွန်လိုင်းရောင်းဝယ်မှုနှင့်ပတ်သက်သည့် သတိပြုရမည့်အချက်များ၊ အွန်လိုင်းမှတ်ပုံတင် ဆောင်ရွက်ခြင်းဆိုင်ရာများနှင့်ပတ်သက်သည့် အခြေခံအချက်အလက်များအကြောင်း၊ စားသုံးသူအခွင့်အရေးများ နစ်နာဆုံးရှုံးမှုများအတွက် တိုင်ကြားနိုင်သည့် နည်းလမ်းများအား အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** တိုင်းဒေသကြီးဦးစီးမှူးရုံးများ

## ပြည်နယ်များအတွင်း စားသုံးသူအသိပညာပေးဟောပြောပွဲများ ကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရန် စားသုံးသူပြည်သူများအား အသိပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရန်အတွက် စားသုံးသူအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်ရှိ အ. ထ. က (၅) ကျောင်း၊ လယ်ကုန်းရပ်ကွက်ရှိ အ. မ. က (၁၃) ကျောင်း၊ ဗန်းမော်မြို့ ညောင်ပင်ရပ်ကွက်ရှိ အ. လ. က (၁) ကျောင်း၊ မိုးညှင်းမြို့ ညောင်ကုန်းရှိ အ. ထ. က ကျောင်းတို့ရှိ ဆရာဆရာမနှင့်

စာမျက်နှာ ၁၈ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှအဆက်

စားသုံးသူအခွင့်အရေးများ၊ တာဝန်များ၊ ဌာနသို့ ဆက်သွယ် တိုင်ကြားနိုင်သည့်နည်းလမ်းများ၊ ဖြေရှင်းဆောင်ရွက်ပေးခဲ့သည့် စားသုံးသူတိုင်ကြားမှုဖြစ်စဉ်များကို အသိပညာပေး ဟောပြောခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ ထို့ပြင် မုံရွာမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနတွင် Online Sale နှင့်ပတ်သက်သည့် အသိပညာပေး Talk Show အစီအစဉ်များလည်း ကျင်းပပြုလုပ်ခဲ့ကြောင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးအသိပညာပေးမှုများ ကိုလည်း တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် (၂) ကြိမ်၊ ကလေးခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၄) ကြိမ်၊ ကသာခရိုင် ဦးစီးမှူးရုံးအနေ ဖြင့် (၂) ကြိမ်၊ ကန့်ဘလူမြို့နယ် တာဝန်ခံရုံးအနေဖြင့် (၃) ကြိမ်၊ စစ်ကိုင်းတိုင်းခရိုင်ဦးစီး မှူးရုံးအနေဖြင့် (၇) ကြိမ်၊ မုံရွာမြို့နယ် တာဝန်ခံရုံးအနေဖြင့် (၂) ကြိမ်၊ ယင်းမာပင်ခရိုင်ဦးစီးမှူး ရုံးအနေဖြင့် (၂) ကြိမ်၊ ရွှေဘိုခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၅) ကြိမ်၊ စုစုပေါင်း (၂၇) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် စီးပွားရေးလုပ်ငန်းရှင်တို့၏လိုက်နာရမည့် တာဝန်များ အကြောင်းကို ရှင်းလင်းဆွေးနွေး အသိပညာပေးခြင်းနှင့် စားသုံးသူကာကွယ်ရေးဥပဒေစာအုပ်များ ဖြန့်ဝေခဲ့ကြောင်း၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ပြည်မြို့ရှိ အ. ထ. က (၅)၊ အ. ထ. က (ရွှေတံခါး) ကျောင်း၊ ရွှေတောင် မြို့ အ. မ. က (ကမ်းနား) ကျောင်း၊ အ. မ. က (တောင်လုံးညို) ကျောင်း၊ အ. မ. က (သဲတန်း) ကျောင်း၊ အ. မ. က (လှိုင်မြရှင်) ကျောင်း၊ ပဲခူးမြို့ အမှတ်(၃) အ. ထ. က ကျောင်းတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပန်းတောင်းမြို့ မင်းရပ်ရပ်ကွက်နှင့် ဖောင်းကံရပ်ကွက်တို့ရှိ စားသုံးသူပြည်သူများအား စားသုံးသူ ကာကွယ်ရေး ဆိုင်ရာအသိပညာပေး ဟောပြောဆွေးနွေး ခဲ့ကြောင်း၊ ပေါက်ခေါင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ Talk Show Online မှတ်ပုံတင်စနစ်ဖြင့် ရောင်းချခြင်းအား အသိပညာပေး ခြင်းကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်မြို့ ဆံတော် ရပ်ကွက်ရှိ ယိုမျိုးစုံ လုပ်ငန်းရှင်၊ ရွှေတောင်မြို့ ကြာနီကန် ရပ်ကွက်၊ ယုဇနလမ်းရှိ ရှောက်တောင့်လုပ်ငန်းရှင်၊ ယွန်းတန်းရပ်ကွက်ရှိ ဆီစက် လုပ်ငန်းရှင်၊ ပေါက်ခေါင်းမြို့ အမှတ် (၁) ရပ်ကွက်ရှိ မြေပဲဆံရောင်းဝယ်ရေးလုပ်ငန်း ရှင်များအား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များအကြောင်းကို အသိပညာပေး ဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေး ခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် မကွေးမြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျင်းပပြုလုပ်သော ထုပ်ပိုးမှုသင်တန်း၊ ရေနံချောင်းမြို့၊ ပခုက္ကူမြို့၊ ဆိပ်ဖြူမြို့၊ ဂန့်ဂေါမြို့၊ မကွေးမြို့၊ သရက်မြို့၊ တောင်တွင်းကြီးမြို့၊ မြို့သစ်မြို့၊ ပွင့်ဖြူမြို့၊ ချောက်မြို့၊ အောင်လံမြို့တို့ရှိ အ. ထ. က ကျောင်း၊ အ. လ. က ကျောင်း၊ မူလွန်ကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်း များတွင် ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူ များအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောခဲ့ကြောင်း၊ ထို့ပြင် မင်းဘူးခရိုင်အတွင်းရှိ မင်းဘူးမြို့၊ မကွေးခရိုင်အတွင်း ချောက်မြို့နယ်နှင့် သရက်ခရိုင်အတွင်း သရက်မြို့၊ ကံမမြို့၊ ဆင်ပေါင်ဝဲ မြို့များတို့တွင် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာ ပေး Talk Show အစီအစဉ်များလည်း ကျင်းပခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးခြင်းများအနေဖြင့် မကွေး ခရိုင်အတွင်း မကွေးမြို့၊ မြို့သစ်မြို့၊ နတ်မောက်မြို့များရှိ

စာမျက်နှာ ၁၇ ကော်လံ ၁ သို့



စာမျက်နှာ ၄ မှအဆက်

စမ်းသပ်စစ်ဆေးပေးလျက်ရှိပါသည်။ CHOICE ရှိ ဓာတ်ခွဲခန်းများအနေ ဖြင့် အရည်အသွေး၊ စွမ်းဆောင်ရည် နှင့် ဘက်လိုက်ခြင်းကင်းသော ဘေးကင်းလုံခြုံမှုဆိုင်ရာ အချက် အလက်များကို ပေးဆောင်နိုင်ရန် စမ်းသပ်စစ်ဆေးခြင်းများအား ယင်းတို့၏ ဓာတ်ခွဲခန်းများတွင် ပြုလုပ်ပြီး ပြင်ပ ပညာရှင်များနှင့် လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိ ပါသည်။ ထို့အပြင် ဩစတြေးလျ စံချိန်စံညွှန်း သတ်မှတ်ရေး ကော်မတီ များတွင် လုံခြုံစိတ်ချရမှုဆိုင်ရာ လိုအပ်ချက်များ ထည့်သွင်းရေးဆွဲနိုင် ရေး၊ အစိုးရ အေဂျင်စီများနှင့် မူဝါဒ ဆိုင်ရာဆွေးနွေးမှုများတွင် ပိုမိုခိုင်မာ သော စားသုံးသူကာကွယ်ရေးဥပဒေနှင့် မူဝါဒများဖြစ်စေရေးတို့အတွက် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိ သကဲ့သို့ စားသုံးသူအခွင့်အရေးဆိုင်ရာ ဖိုရမ်များတွင်လည်း စားသုံးသူ အကျိုးစီးပွားကို ကိုယ်စားပြု ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့နောက် စားသုံးသူများအား ဈေးဝယ်ယူရာတွင် မှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေး အထောက်အကူဖြစ်စေရန် ထုတ်ကုန် နှင့် ဝန်ဆောင်မှုများဆိုင်ရာ အသေး စိတ်သုံးသပ်ချက်များနှင့်အစီရင်ခံစာ များကို အသိပေးထုတ်ပြန်ခြင်း၊ ကျန်းမာရေး၊ဘဏ္ဍာရေးနှင့်နည်းပညာ ကဏ္ဍများအပါအဝင် ကျယ်ပြန့်သော အကြောင်းအရာများအတွက် လမ်းညွှန်ချက်များ၊ အကြံပြုချက်များ နှင့် ဆောင်းပါးများကို မျှဝေခြင်း၊ စားသုံးသူများအတွက် ထုတ်ကုန် ဘေးကင်းရေးနှင့် ငွေကြေးမျှတမှု ရှိစေရေးစသည့် စားသုံးသူပြဿနာ များကို ကိုင်တွယ်ဖြေရှင်းရန် လူထု လှုံ့ဆော်မှုများကို ဆောင်ရွက်လျက် ရှိပါသည်။လက်ရှိတွင် ဒစ်ဂျစ်တယ် ဝန်ဆောင်မှုများတွင် ကိုယ်ရေး အချက်အလက်များအား ပိုမို ကောင်းမွန်သော ကာကွယ်မှုများ ရှိစေရန်အတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ စားသုံးသူများအတွက် ကုန်စည် ရွေးချယ်မှုများ ပြုလုပ်ရာတွင် အထောက်အကူဖြစ်စေရန် ပိုမိုရှင်း လင်းသည့် သတင်းအချက်အလက် များပေးအပ်ခြင်းနှင့် အစားအစာ တံဆိပ်ကပ်ခြင်းအတွက် လှုံ့ဆော် ပေးခြင်းနှင့် ငွေကြေးဝန်ဆောင်မှု များနှင့်စပ်လျဉ်း၍ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးကဏ္ဍများတွင် တရားမျှတပြီး ပိုမိုပွင့်လင်းမြင်သာသော အလေ့အကျင့် များရှိစေခြင်းတို့ကို ဆောင်ရွက်ပေး လျက်ရှိကြောင်း သတင်းရရှိပါသည်။

**Source: အာဆီယံ**

## အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် ညှိနှိုင်းဆွေးနွေးမှု များအတွက် အဌမအကြိမ် ယှဉ်ပြိုင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့အဆင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့ခြင်း

အဌမအကြိမ် ယှဉ်ပြိုင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့အဆင့် အစည်းအဝေးများ (8th ASEAN-Canada Free Trade Agreement Working Group on Competition- ACAFTA WGC and Caucus) ကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်၊ ၁၇ ရက်နှင့် ၁၉ ရက်တို့တွင် Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ယှဉ်ပြိုင်မှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ အာဆီယံဥက္ကဌဖြစ်သူ စင်ကာပူယှဉ်ပြိုင်မှုနှင့် စားသုံးသူကော်မရှင် (CCCS)

စာမျက်နှာ ၆ ကော်လံ ၁ သို့

*စာမျက်နှာ ၆ မှအဆက်*

နိုင်ငံတကာရေးရာ၊ ဆက်သွယ်ရေးနှင့်စီမံကိန်းဌာန၊ ညွှန်ကြားရေးမှူး Ms. Yvette Yoong နှင့် ကနေဒါနိုင်ငံယှဉ်ပြိုင်မှု ဗျူရိုမှ ယှဉ်ပြိုင်မှု ဥပဒေအရာရှိ Ms. Viktoriia Sorokina တို့က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြပါသည်။ အစည်းအဝေးသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ကနေဒါနိုင်ငံတို့၏ ယှဉ်ပြိုင်မှု ကဏ္ဍမှကိုယ်စားလှယ်များ၊ စားသုံးသူကာကွယ်ရေး ကဏ္ဍမှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူး ချုပ်ရုံးမှ ကိုယ်စားလှယ်များ စုစုပေါင်း (၃၀) ဦး တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ယခင်သတ္တမအကြိမ် ယှဉ်ပြိုင်မှုဆိုင်ရာလုပ်ငန်းအဖွဲ့အဆင့်အစည်းအဝေးတွင် ဆွေးနွေးချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ များ၊ အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်၏ ယှဉ်ပြိုင်မှုအခန်းတွင် ထည့်သွင်းမည့် အချက်အလက်များ၊ ယှဉ်ပြိုင်မှုအခန်း၏ စားသုံးသူ ကာကွယ်ရေးအပိုဒ်တွင် ထည့်သွင်းမည့် အချက်အလက် များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ဆွေးနွေးခဲ့ကြပါသည်။

အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် ကနေဒါနိုင်ငံနှင့် အာဆီယံနိုင်ငံများရှိ ယှဉ်ပြိုင် မှုနှင့် စားသုံးသူကာကွယ်ရေးကဏ္ဍများတွင် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အစည်းများအကြား ယှဉ်ပြိုင် မှုကို ဆန့်ကျင်သော အလေ့အထများနှင့် တရားမျှတမှု မရှိသော စီးပွားရေးလုပ်ငန်းအလေ့အထများ ပပျောက် စေရန် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ချမှတ် ပြဋ္ဌာန်းကျင့်သုံးခြင်း၊ ဥပဒေတွန်းအားပေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် အရင်း အမြစ်တည်ဆောက်ရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများကို ပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဈေးကွက်များ ဖန်တီး၍ စားသုံးသူ ယုံကြည်ချက်မြင့်မားစေရေးဆောင်ရွက်ခြင်းနှင့် စားသုံးသူ အခွင့်အရေးနစ်နာဆုံးရှုံးမှုများအတွက် ကုစားအရေးယူ ဆောင်ရွက်ခြင်းစသည်တို့ကို လုပ်ဆောင်သွားရပါမည်။ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့စည်းများနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာ ဗဟုသုတများနှင့် သတင်းအချက်အလက်များကို ရယူ ဖလှယ်ခြင်းနှင့် အရင်းအမြစ်တည်ဆောက်ရေးအတွက် နည်းပညာအကူအညီရယူဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။ သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီလိုက်ပါ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် သဘောတူစာချုပ်၏ အကျိုး ကျေးဇူးများကို အပြည့်အဝ အသုံးချ ဆောင်ရွက်နိုင်ရေး တို့အတွက် သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများနှင့် အစိုးရမဟုတ်သော စားသုံးသူကာကွယ်ရေးအသင်း အဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ စားသုံးသူများနှင့် စီးပွားရေး လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးလုပ်ငန်းများ နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းစသည့်လုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း သတင်းရရှိပါသည်။

**Source: အာဆီယံ**



*စာမျက်နှာ ၁၄ မှအဆက်*

ညောင်ဦးမြို့နယ်အတွင်းရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ လက်ဖက်ရည်ဆိုင်လုပ်ငန်းရှင်များ၊ ပဲကြော်လုပ်ငန်းရှင်များ၊ အားလူးကြော်လုပ်ငန်းရှင်များ၊ ကိတ်မုန့်ပေါင်မုန့်လုပ်ငန်း ရှင်များ၊ လက်ဖက်ပဲကြမ်း လုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းရှင်များ သိသင့်သိထိုက်သည့် အကြောင်းအရာများ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြ ပါရှိရမည့်အချက်များ ဟောပြောဆွေးနွေးခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် သာပေါင်း မြို့နယ် အ. ထ. က (သာပေါင်း) ကျောင်း၊ အ. ထ. က (ဇီးဖြူ) ကျောင်း၊ အ. လ. က-ခွဲ (ဝက်ရုပ်) ကျောင်း၊ ကန်ကြီးထောင့်မြို့နယ် အ. ထ. က (ဆပ်ကွင်း) ကျောင်း၊ ရေကြည်မြို့နယ် အ. ထ. က-ခွဲ (တက်ဆိပ်) ကျောင်းတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ငပုတော မြို့နယ်၊ ကံကွင်း ကျေးရွာ၊ ပေပင်ကြီးကျေးရွာတို့ရှိ ပြည်သူ များ၊ ကျုံပျော်မြို့ရှိ ပြည်သူများ၊ ကျောင်းကုန်းမြို့နယ် မြို့မဈေးအတွင်းရှိ ပြည်သူများအား စားသုံးသူကာကွယ် ရေး အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပါကြောင်း၊ ဟင်္သာတခရိုင် ဇလွန်မြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ စားသုံးသူ ကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်များလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် လုပ်ငန်းရှင်တွေ့ဆုံခြင်းနှင့်ပတ်သက်၍လည်း ကျောင်းကုန်း မြို့နယ်ရှိ မုန့်လုပ်ငန်းရှင်၊ ကန်ကြီးထောင့်မြို့နယ်ရှိ ကုန်စုံဆိုင်လုပ်ငန်းရှင်၊ ပုသိမ်မြို့နယ်ရှိ အချိုရည် လုပ်ငန်းရှင်၊ သာပေါင်းမြို့နယ်ရှိ ဆန်စက်လုပ်ငန်းရှင်၊ ငပုတောမြို့နယ် အရှေ့ပိုင်းရပ်ကွက်ရှိ ဆီလုပ်ငန်းရှင်၊ ကျုံပျော်မြို့နယ် မြို့မဈေးအတွင်းရှိ မုန့်တိုက်လုပ်ငန်းရှင်၊ ရေကြည်မြို့နယ် ပိတောက်ချောင်ရပ်ကွက်ရှိ ချင်းထုတ် လုပ်သည့် လုပ်ငန်းရှင်များ၊ ကျုံပျော်မြို့နယ်ရှိ ဆန်စက် လုပ်ငန်းရှင်များ၊ ပုသိမ်မြို့ရှိ ဆီလုပ်ငန်းရှင်များ၊ ငပုတော မြို့နယ်ရှိ ဆီလုပ်ငန်းရှင်များ၊ သာပေါင်းမြို့နယ်ရှိ ကုန်စုံဆိုင်လုပ်ငန်းရှင်များ၊ ရေကြည်မြို့နယ်ရှိ မုန့်လုပ်ငန်းရှင်များ၊ ကျောင်းကုန်းမြို့နယ်ရှိ စားသုံးဆီ လုပ်ငန်းရှင်များ၊ ကန်ကြီးထောင့်မြို့နယ်ရှိ မုန့်ဆိုင် လုပ်ငန်းရှင်များအားတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များအကြောင်း ဟောပြော ဆွေးနွေးခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး အနေဖြင့် မုံရွာမြို့ရှိ အားကစားနှင့်ကာယပညာ သိပ္ပံကျောင်း၊ ကလေးဝမြို့ အမှတ် (၁) ရပ်ကွက်ရှိ အ. လ. က ကျောင်း၊ ကန့်ဘလူမြို့နယ် ညောင်အိုင် ကျေးရွာရှိ အ. လ. က (ခွဲ) ကျောင်း၊ ကျွန်းလှမြို့ရှိ အ. လ. က-ခွဲ (တင်းတိန်ရုံ) ကျောင်းနှင့် ပိတောက်မြိုင် ရပ်ကွက်ရှိ အ. မ. က (လွန်) -၂ ကျောင်း၊ စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက်ရှိ လေ့ကျင့်ရေးအထက်တန်းကျောင်း၊ မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်ရှိ အ. ထ. က (၅) ကျောင်းတို့ရှိ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်း သူများ၊ စစ်ကိုင်းမြို့ မျက်မမြင်ကျောင်းတွင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သည့် မုန့်ဖုတ် သင်တန်း၊ အပ်ချုပ်စက်နည်းပညာသင်တန်းတို့ရှိ ဆရာဆရာမများနှင့် သင်တန်းသားများ၊ ရွှေဘိုမြို့ အမှတ် (၁၀) ရပ်ကွက်ရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကြီးအောင်ဝန်ထမ်းအိမ်ရာမှ ဝန်ထမ်းများ၊ ကလေးမြို့ မြို့သာရပ်ကွက်ရှိ ပြည်သူများအား မိမိတို့ဌာန၏ မျှော်မှန်းချက်များ၊ ရည်မှန်းချက်တာဝန်များ၊

*စာမျက်နှာ ၁၆ ကော်လံ ၁ သို့*

## တိုင်းဒေသကြီးများအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေး၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးတို့အတွက် စားသုံးသူအသိပညာပေးဟောပြောပွဲများကျင်းပခြင်းနှင့် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရေးတို့အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း နေပြည်တော်ကောင်စီဦးမှူးရုံးအနေဖြင့် ပျဉ်းမနားမြို့နယ် အ. ထ. က (၂) ကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပုဗ္ဗသီရိမြို့နယ် ရွာတော်မင်္ဂလာဈေး၊ လယ်ဝေးမြို့နယ် သီရိရတနာမြို့မဈေးနှင့်ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိဈေးတို့ရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်နှင့် ထန်းတပင်မြို့နယ်များတွင် စားအုန်းဆီဖြန့်ဖြူးရောင်းချသော သက်ဆိုင်ရာအဖွဲ့ အစည်းများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်နှင့် ဈေးတာဝန်ခံ၊ စားအုန်းဆီဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လက်လီ/လက်ကား ကိုယ်စားလှယ်များအား မြို့နယ်အတွင်းရှိ အိမ်ထောင်စုတစ်စုချင်းစီအလိုက် ဆီဝယ်ယူခွင့်စာအုပ်များပြုလုပ်ကာ မြေပြင်တွင် ပြည်သူများအား အမှန်တကယ် ဆီဝယ်ယူရရှိစေရေးနှင့်ဈေးနှုန်းမြင့်တင်ရောင်းချခြင်းများ မဖြစ်ပေါ်စေရေးတို့အတွက် အသိပညာပေးဟောပြောခဲ့ကြောင်း၊ ထို့အပြင် ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် အ. ထ. က (တော်ကူး) ကျောင်းရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ သဃ်န်းကျွန်းခရိုင်အတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များဖြစ်သည့် အမွေးတိုင်လုပ်ငန်းရှင်နှင့် ဖိနပ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ထောက်ခံချက်များပြည့်စုံစွာ ဖော်ပြရန်နှင့် စားသုံးသူကာကွယ်ရေးဥပဒေတွင်ပါရှိသော စီးပွားရေးလုပ်ငန်းရှင်လိုက်နာဆောင်ရွက်ရမည့် တာဝန်များကို သိရှိလိုက်နာဆောင်ရွက်ရန် အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် မိတ္ထီလာမြို့ အ. ထ. က (တောမ) ကျောင်းနှင့် သာစည်မြို့ အ. မ. က (ထိန်ကန်) ကျောင်းတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ခွေးတောက်ပင်ကျေးရွာရှိ စားသုံးသူပြည်သူများအား စားသုံးသူအခွင့်အရေးများနှင့် လိုက်နာရမည့်တာဝန်များ၊ လုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်များ၊ စားသုံးသူနစ်နာဆုံးရှုံးမှုများအား ဖြေရှင်းဆောင်ရွက်ပေးခဲ့မှုအခြေအနေ၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားနိုင်သည့်နည်းလမ်းများ အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း၊ ထို့ပြင်

*စာမျက်နှာ ၁၅ ကော်လံ ၁ သို့*





၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း CICC များသို့ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့်ဖြေရှင်းရန်ကျန်စာရင်း

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် / ခရိုင် | စက်တင်ဘာလ တိုင်ကြားမှု | | တိုင်ကြားမှုနည်းလမ်းများ | | | | တိုင်ကြားမှု | | | ဖြေရှင်းပြီးစီးမှု | | | | ဖြေရှင်းရန် ကျန်ရှိမှု | ဆောင်ရွက်မှု အခြေအနေ (%) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကုန်စည် | ဝန်ဆောင်မှု | Website | FB Page/ စာ/ဖုန်း/ email | ၁၅၃၅ Call Center | ဦးစီးမှူးရုံး | ဩဂုတ်လ ဖြေရှင်း ရန်ကျန် | စက်တင်ဘာလ | ပေါင်း | ဩဂုတ်လ ထိလက်ကျန်မှ | စက်တင်ဘာလ ကုန်စည် | စက်တင်ဘာလ ဝန်ဆောင်မှု | ပေါင်း | | |
| ၁ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၃ | ကရင်ပြည်နယ် | | | | | | | | | | | | | | | |
| ၄ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇ | ပဲခူးတိုင်းဒေသကြီး | | ၁ | | | | ၁ | ၃ | ၁ | ၄ | ၁ | | | ၁ | ၃ | ၂၅.၀၀% |
| ၈ | မကွေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁ | ၃ | ၁ | ၃ | | | ၂ | ၄ | ၆ | | | ၁ | ၁ | ၅ | ၁၆.၆၇% |
| ၁၀ | မွန်ပြည်နယ် | | ၁ | ၁ | | | | | ၁ | ၁ | | | ၁ | ၁ | | ၁၀၀.၀၀% |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၃ | ၁၃ | ၈ | ၇ | | ၁ | ၅၂ | ၁၆ | ၆၈ | ၁၂ | ၁ | ၃ | ၁၆ | ၅၂ | ၂၃.၅၃% |
| ၁၃ | ရှမ်း(တောင် )တောင်ကြီး | | | | | | | | | | | | | | | |
| ၁၄ | ရှမ်း(မြောက် )လားရှိုး | | | | | | | | | | | | | | | |
| ၁၅ | ရှမ်း(ရှေ့ )ကျိုင်းတုံခရိုင် | | | | | | | | | | | | | | | |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | ၁ | ၁ | ၁ | ၁ | | | | ၂ | ၂ | | | | | ၂ | ၀.၀၀% |
| ၁၇ | ပြည်ထောင်စုနယ်မြေ | | ၃ | ၂ | | ၁ | | ၁ | ၃ | ၄ | ၁ | | ၁ | ၂ | ၂ | ၅၀.၀၀% |
| ၁၈ | စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်) | | | | | | | | | | | | | | | |
| | စုစုပေါင်း | ၅ | ၂၂ | ၁၃ | ၁၁ | ၁ | ၂ | ၅၈ | ၂၇ | ၈၅ | ၁၄ | ၁ | ၆ | ၂၁ | ၆၄ | ၂၄.၇၁% |
| | | ၂၇ | | ၂၇ | | | | | | | | ၇ | | | | |

Source: CICC

## အင်တာနက်ဝန်ဆောင်မှုကုမ္ပဏီနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် အင်တာနက်ကုမ္ပဏီတစ်ခုထံမှ ISP Service Wifi ကို လစဉ်ကြေး (၃) လလျှင် ၁၀၀,၀၀၀/-ဖြင့် ၁၂-၁၂-၂၀၂၃ ရက်နေ့မှစ၍ သုံးစွဲခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဇူလိုင်လကုန်ပိုင်းတွင် သက်တမ်းတိုးခဲ့သော်လည်း ဩဂုတ်လအတွင်း လိုင်းများ မကြာခဏပြတ်တောက်နေသည့်အတွက် ဆက်လက်သုံးစွဲလိုခြင်းမရှိသော ကြောင့် သက်တမ်းတိုးခဲ့သည့် (၂) လစာ လက်ကျန်သက်တမ်းများအတွက် Refund ပြန်လည်တောင်းဆိုရာတွင် ဆောင်ရွက်ပေးမှုမရှိသဖြင့် စားသုံးသူရေးရာဦးစီးဌာနသို့ ဆက်သွယ်တိုင်ကြားလာကြောင်း၊ တိုင်ကြားမှုနှင့်ပတ်သက်၍ မန္တလေးတိုင်း

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

စာမျက်နှာ ၇ မှအဆက်



ဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများက အင်တာနက်ကုမ္ပဏီမှ တာဝန်ရှိသူများထံ အကြောင်းကြား ဆောင်ရွက်ခဲ့ရာ အင်တာနက်ကုမ္ပဏီမှ တာဝန်ရှိသူများက တိုင်ကြားသူထံ ဆက်သွယ်မေးမြန်း၍ ဆက်လက် သုံးစွဲလိုခြင်း မရှိပါက Policy မရှိသော်လည်း အဆင်ပြေစေရန်အတွက် Refund ပြန်လည်ပေးမည်ဖြစ်ပါကြောင်း၊ ဆက်လက်သုံးစွဲမည်ဆိုပါက စက်ပျက်ခဲ့သည့် ရက်များအား (၁၅) ရက်အစားထိုးပေးမည်ဖြစ်ပါကြောင်း ညှိနှိုင်းပေးခဲ့ကြောင်း၊ တိုင်ကြားသူ၏ ဆန္ဒနှင့် ဆုံးဖြတ်ချက်အရ လက်ရှိဝယ်ယူ အသုံးပြုနေသော အင်တာနက်ဝန်ဆောင်မှုအား ဆက်လက်အသုံးပြုမည်ဖြစ်သောကြောင့် ကုမ္ပဏီဘက်မှလည်း အင်တာနက်လိုင်းဆွဲအား တိကျမှန်ကန်စေရန် လိုအပ်သော ပြုပြင်ခြင်းများနှင့် ပေးသွင်းထားသည့် ဝန်ဆောင်မှုကုန်ဆုံးမည့်နေ့ရက်အပြင် (၁၅) ရက်တိတိ ထပ်မံဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် တိုင်ကြားမှုကို ပိတ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## Mobile Sale & Service ဆိုင်၏ ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် ၎င်း၏ လက်ကိုင်ဖုန်း ပါဝါမတက်သဖြင့် ပြင်ဆင်ရန် Mobile Sale & Service ဆိုင်တစ်ဆိုင်သို့ အပ်နှံခဲ့ရာ ဖုန်းမှန်ကွဲသွားသည့်အတွက် လျော်ကြေးတောင်းခံခဲ့ကြောင်း၊ လျော်ကြေးတောင်းခံပြီး တစ်လခွဲခန့် ကြာမြင့်သည်အထိ ပေးအပ်ခြင်းမရှိသဖြင့် အထွေထွေနစ်နာဆုံးရှုံးမှုများအတွက် လျော်ကြေးငွေ ၁၂ သိန်းရယူလိုသဖြင့် စားသုံးသူရေးရာဦးစီးဌာနသို့ ဆက်သွယ်တိုင်ကြားလာကြောင်း၊ တိုင်ကြားမှုနှင့်ပတ်သက်၍ နေပြည်တော်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက တိုင်ကြားသူနှင့် တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်တို့အား ဆက်သွယ်၍ အကြိမ်ကြိမ် စေ့စပ်ညှိနှိုင်းဆွေးနွေးပေးခဲ့သော်လည်း သဘောတူညီမှုမရရှိသည့်အတွက် နေပြည်တော် စားသုံးသူရေးရာကော်မတီသို့ တင်ပြဆောင်ရွက်ခဲ့ကြောင်း၊ စားသုံးသူရေးရာကော်မတီ (၃/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးမှ စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော်ဦးစီးမှူးရုံးအနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ - ၅၂ အရ စီးပွားရေးလုပ်ငန်းရှင်အား စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ဖြစ်စေ၊ တစ်ရပ် ထက်ပို၍ဖြစ်စေ အမိန့်ချမှတ်ဆောင်ရွက်သွားရန်နှင့် အမိန့်ချမှတ်ဆောင်ရွက်ပြီးပါက စားသုံးသူကာကွယ်ရေးနည်းဥပဒေ၊ ဥပဒေပုဒ်မ ၉၅ (က) အရ

စာမျက်နှာ ၉ ကော်လံ ၁ သို့



စာမျက်နှာ ၁၂ မှအဆက်

အခြေအနေနှင့် သင့်တင့်မျှတသော ဈေးနှုန်း များဖြင့် ရောင်းချမှု ရှိ-မရှိ၊ စက်သုံးဆီအချင်အတွယ် ပြည့်ဝမှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။ **Source:** ပြည်နယ်ဦးစီးမှူးရုံးများ

## ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များဖြစ်သော အသင့်စားအစားအစာများ၊ စားသုံးဆီများ၊ အသင့်သောက်အချိုရည်များ၊ အရန်သင့်အစားအစာများ၊အိမ်သုံးဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ပူးပေါင်းစစ်ဆေးခဲ့ကြောင်း၊ ထို့ပြင် စားသုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများနှင့် ရောင်းချခြင်းရှိ-မရှိနှင့် ဆေးနှင့်ဆေးပစ္စည်းများ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှု ရှိ-မရှိ ဈေးကွက် စောင့်ကြည့်စစ်ဆေးဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှု (၁၉၉၄) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ထုတ်လုံ

## ၂၀၂၄ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်းသည့် အချက်အလက်များ ပြဋ္ဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖော်ပြရန်လိုအပ်သည့် အသေးစိတ် အချက်များကိုလည်း စီးပွားရေး လုပ်ငန်းရှင်များ လိုက်နာရန်အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က ညွှန်ကြားချက်အမှတ် (၂/ ၂၀၁၉) ဖြင့် ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/၂၀၁၉) နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် (ဇန်နဝါရီလမှ စက်တင်ဘာလအထိ) တိုင်းဒေသကြီး/ပြည်နယ်များမှ တင်ပြလာသည့် ကုန်စည်များကို အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ပေးခဲ့ပါသည်-

၂၀၂၄ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

| စဉ် | လအမည် | စိစစ်ရန် တင်ပြလာမှု အခြေအနေ (အရေအတွက်) | | ခွင့်ပြုခဲ့သည့် အခြေအနေ (အရေအတွက်) | |
|---|---|---|---|---|---|
| | | ကုမ္ပဏီ | ကုန်ပစ္စည်း | ကုမ္ပဏီ | ကုန်ပစ္စည်း |
| ၁။ | ဇန်နဝါရီလ | ၃၄ | ၁၄၄ | ၃၃ | ၁၄၃ |
| ၂။ | ဖေဖော်ဝါရီလ | ၃၄ | ၁၁၄ | ၃၄ | ၁၁၄ |
| ၃။ | မတ်လ | ၄၃ | ၁၂၅ | ၄၃ | ၁၂၅ |
| ၄။ | ဧပြီလ | ၃၆ | ၉၃ | ၃၆ | ၉၃ |
| ၅။ | မေလ | ၃၆ | ၁၁၃ | ၃၆ | ၁၁၃ |
| ၆။ | ဇွန်လ | ၃၆ | ၁၄၇ | ၃၆ | ၁၄၇ |
| ၇။ | ဇူလိုင်လ | ၄၅ | ၁၆၀ | ၄၄ | ၁၆၀ |
| ၈။ | ဩဂုတ်လ | ၃၅ | ၁၃၂ | ၃၅ | ၁၃၂ |
| ၉။ | စက်တင်ဘာလ | ၃၆ | ၁၀၀ | ၃၆ | ၁၀၀ |
| စုစုပေါင်း | | ၃၃၅ | ၁၁၃၀ | ၃၃၃ | ၁၁၂၈ |

*စာမျက်နှာ ၁၁ မှအဆက်*

အဆောင်ပစ္စည်းအမျိုးမျိုး၊ ယိုမျိုးစုံ အမျိုးမျိုး၊ ဆေးနှင့်ဆေးပစ္စည်း အမျိုးမျိုးတို့တွင် ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ-မရှိ၊ သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေခြင်း ရှိ-မရှိ၊ စံမညီဆေးဝါးများ ဈေးကွက်အတွင်း ရောင်းချခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ်၊ ချောင်းဆုံမြို့နယ် နှင့် သထုံခရိုင်၊ သထုံမြို့နယ်အတွင်းရှိ ဆေးဆိုင်များတွင် ဆေးနှင့်ဆေးပစ္စည်းဈေးနှုန်းများ မြင့်တက်မှုမရှိစေရေးနှင့် ဆေးနှင့်ဆေးပစ္စည်းများပြတ်လပ်မှုရှိ-မရှိ၊ ဆေးဝါးများ ဈေးနှုန်းမှန်ကန်စေရေးနှင့် သက်တမ်းလွန်ဆေးဝါးများ ရောင်းချခြင်းရှိ-မရှိ၊ ချောင်းဆုံမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ မုဒုံမြို့နယ်နှင့် သထုံခရိုင်၊ သထုံမြို့နယ်၊ ဘီးလင်းမြို့နယ်အတွင်းရှိ ဆန်ဂိုဒေါင်နှင့် ဆန်ဆိုင်များတွင် ဆန်ဈေးနှုန်း မြင့်တင်ရောင်းချခြင်း ရှိ-မရှိ၊ မော်လမြိုင်မြို့နယ်ရှိ Ocean-Supercenter၊ ဝံဈေးနှင့် ချောင်းဆုံမြို့နယ်၊ ကျိုက်မရောမြို့နယ် ရှင်စောပု (၂) ရပ်ကွက်နှင့် မြို့မဈေးအတွင်း၊ မုဒုံမြို့နယ်နှင့် သထုံခရိုင်၊ သထုံမြို့နယ်၊ ဘီးလင်းမြို့နယ်၊ ကျိုက်ထိုမြို့နယ်အတွင်း ရောင်းချသည့် အာဟာရဖြည့်စွက်စာအမျိုးမျိုးနှင့် စားသုံးဆီအရောင်းဆိုင်များရှိ ရောင်းချနေသည့် ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသားပြည့်စုံ မှု ရှိ-မရှိ၊ မော်လမြိုင်မြို့နယ် သီရိမြိုင် (မူလွန်) ကျောင်းမုန့်ဈေးတန်းဆိုင်တွင် သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများ ရောင်းချမှု ရှိ-မရှိ ဈေးကွက်



စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ ရပ်ကွက် (၅)၊ ကန်နားလုံရပ်ကွက်အတွင်းရှိ ကိတ်မုန့်၊ ပေါင်မုန့်လုပ်ငန်း၊ အမှတ် (၄) အ.ထ.က ကျောင်း၊ အမှတ် (၃) အ.ထ.က ကျောင်းအတွင်းရှိ မုန့်အရောင်းဆိုင်များ၊ ရပ်ကွက် (၃) စွန်မိုင်ရပ်အတွင်းရှိ "မြင်းပျံ" အမှတ်တံဆိပ် မုန့်တီခြောက် ထုတ်လုပ်သည့်လုပ်ငန်း၊ မိုင်းယုမြို့၊ မြို့မရပ်ကွက်အတွင်းရှိ ဆန်ဆိုင်များ၊ မိုင်းယောင်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်နှင့် အမှတ်(၄) ရပ်ကွက်အတွင်းရှိ ကိတ်နှင့်မုန့်မျိုးစုံ လုပ်ငန်း၊ လွိုင်လင်ခရိုင် ပင်လုံမြို့ပေါ်ရှိ ကုန်စုံဆိုင်များ၊ တောင်ကြီးမြို့ပေါ်ရှိ ဆေးဆိုင်များ၊ အစားအသောက်နှင့် ကုန်ပစ္စည်းများ ရောင်းချနေသော ကုန်စုံဆိုင် များ၊ Mini Mart နှင့် စတိုးဆိုင်များ၊ ကျိုင်းတုံ-တောင်ကြီး၊ ကျိုင်းတုံ-မိုင်းယန်း လမ်းမပေါ်ရှိ ကျိုင်းတုံ-တာချီလိတ်၊ ကျိုင်းတုံ-မိုင်းလား လမ်းမပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များသို့ သွားရောက်၍ ရောင်းချနေသော ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသားဖော်ထားမှု ရှိ-မရှိ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများ ဈေးနှုန်းမြင့်တင်ရောင်းချမှု ရှိ-မရှိနှင့် ဆေးပစ္စည်းများ ပြတ်လပ်မှု ရှိ-မရှိ၊ ဆန်သိုလှောင်ထားရှိမှု၊ လက်ကျန်

*စာမျက်နှာ ၃ ကော်လံ ၁ သို့*



*စာမျက်နှာ ၈ မှအဆက်*

စနစ်တကျ မှတ်တမ်းတင်ထားရှိရန် ဆုံးဖြတ်ခဲ့သဖြင့် နေပြည်တော်ဦးစီးမှူးရုံးမှ တိုင်ကြားခံရသည့် လုပ်ငန်းရှင်အား စားသုံးသူကာကွယ်ရေးဥပပုဒ်မ-၅၂ ၊ ပုဒ်မခွဲ (က)၊ (ဃ) အရ "သတိပေးခြင်းနှင့်တိုင်ကြားသူ ပြင်ဆင်ရန် အပ်နှံထားသည့် ကုန်စည်အတွက် လျော်ကြေး ငွေကျပ် ၆၀၀,၀၀၀/- (ခြောက်သိန်းကျပ်တိတိ) ကို ပေးလျော်စေရန်" စီမံခန့်ခွဲရေးဆိုင်ရာအမိန့် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်အရ တိုင်ကြားခံရသည့် လုပ်ငန်းရှင်မှ တိုင်ကြားသူသို့ ငွေကျပ် ၆၀၀,၀၀၀/- ကို ပြန်လည် ပေးလျော်ခဲ့သောကြောင့် တိုင်ကြားသူမှလည်း ကျေနပ်မှုရရှိသဖြင့် နှစ်ဦးနှစ်ဖက်သဘောတူညီချက် လက်မှတ်ရေး ထိုးစေခဲ့ပြီး တိုင်ကြားမှုကို ပိတ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

### တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးများအလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ခရိုင် (၄) ခရိုင်တွင် ရောင်းချဖြန့်ဖြူးလျက်ရှိသော စက်သုံးဆီအရောင်းဆိုင် (၂၁၈) ဆိုင်အနက် စက်တင်ဘာလလဆန်းပိုင်းတွင် ၁၀၈ ဆိုင်၌ ဆီပြတ်လပ်နေသည်ကို စစ်ဆေးတွေ့ရှိရခြင်းကြောင့် သန်လျင်ခရိုင်၊ ခရမ်းမြို့နယ်နှင့် တွံတေးခရိုင်၊ ကော့မှူးမြို့နယ်တို့ရှိ စက်သုံးဆီအရောင်းဆိုင်များသို့ သွားရောက်၍ ဆိုင်တာဝန်ခံများနှင့်တွေ့ဆုံကာ ရောင်းချသည့် ဈေးနှုန်း၊ စက်သုံးဆီ သိုလှောင်ကန်များ၏ ဆီလက်ကျန်အခြေအနေ၊ ပြန်လည်ဖြည့်တင်းမည့်အချိန်နှင့် ဖြန့်ဖြူးရောင်းချခြင်း ရှိ-မရှိ၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကော့မှူးမြို့နယ်၊ စည်ပင်သာယာမြို့မဈေးရှိ ဆေးဆိုင်များတွင် လူသုံးများသည့် ဆေးဝါးများအား ပစ္စည်းပြတ်လပ်မှုနှင့် အဆမတန်ဈေးနှုန်းမြင့်တင်ရောင်းချမှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် မိတ္ထီလာမြို့နယ်၊ မိတ္ထီလာ-ရန်ကုန်လမ်းပေါ်ရှိ စက်သုံးဆီဆိုင်များအား သွားရောက်၍ သတ်မှတ်ရည်ညွှန်းဈေးအတိုင်းရောင်းချမှု ရှိ-မရှိ၊ ကုန်စည်၏ အရည်အသွေး အချိန်အတွယ် ပမာဏနှင့် အလေးချိန်မှန်ကန်မှု ရှိ-မရှိ၊ အရည်အသွေးမှန်ကန်သည့် သတ်မှတ်ချက်နှင့် ကိုက်ညီသော စက်ချောဆီများကိုသာ တင်သွင်း ဖြန့်ဖြူးရောင်းချခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ငပုတောမြို့ပေါ်ရှိ စားသုံးဆီအရောင်းဆိုင်များ၊ ကျောင်းကုန်းမြို့နှင့် ပုသိမ်မြို့တို့ရှိ မြို့ပေါ်တွင် ရောင်းချနေသော ဆန်ဆိုင်များ၊ သာပေါင်း

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

*စာမျက်နှာ ၉ မှအဆက်*

မြို့နယ်၊ ငပုတောမြို့နယ်နှင့် ရေကြည်မြို့နယ်တို့ရှိ မြို့ပေါ်တွင် ရောင်းချနေသော မြေဩဇာအရောင်းဆိုင်များ၊ ကန်ကြီးထောင့်မြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့ရှိ မြို့ပေါ်တွင် ရောင်းချနေသော ဆေးမျိုးစုံအရောင်းဆိုင်များသို့ သွားရောက်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသားဆိုင်ရာအချက်များ ပြည့်စုံကိုက်ညီမှု ရှိ-မရှိ၊ ညွှန်ကြားချက်အမှတ် ၂/၂၀၁၉ အား လိုက်နာဆောင်ရွက်မှု ရှိ-မရှိနှင့် သက်ဆိုင်ရာဌာနထောက်ခံချက်များ ဖော်ပြပါဝင်မှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ဈေးကွက်အတွင်း ရောင်းချနေသော စားသောက်ကုန်များ၊ လူသုံးကုန်များ၊ ဆေးဝါးမျိုးစုံနှင့် စက်သုံးဆီများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း အကြိမ် (၃၀) ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်ရန် လျာထားသည့် ကုန်စည် (၁၀) မျိုးအား စားသုံးသူကာကွယ်ရေးဥပဒေပါ မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြခြင်း ရှိ-မရှိ နှင့် သက်ဆိုင်ရာဌာနများ၏ သတ်မှတ်လိုင်စင်များ ရှိ-မရှိ ဈေးကွက်စောင့် ကြည့်စစ်ဆေးခဲ့ကြောင်း၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် သနပ်ပင်မြို့အတွင်းရှိ လက်လီလက်ကား ရောင်းချနေသော ဆန်ဆိုင်များအား မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online) (MyRo) တွင် မှတ်ပုံတင်ထားခြင်း ရှိ-မရှိ၊ ကဝမြို့နှင့် သဲကုန်းမြို့အတွင်းရှိ ကုန်စုံဆိုင်များ၊ ပဲခူးမြို့၊ သနပ်ပင်မြို့၊ ဝေါမြို့များအတွင်း



မြို့ပေါ်ရှိ မုန့်မျိုးစုံရောင်းချသောဆိုင်များနှင့် mini mart များ၊ ပြည်မြို့၊ အ. ထ. က (၅) ကျောင်းရှိ မုန့်ဆိုင်များ၊ ဆံတော်ရပ်ကွက်နှင့် မြို့သစ်ရပ်ကွက်ရှိ ကုန်စုံဆိုင်များ၊ အောင်မင်္ဂလာဈေးရှိ ကုန်စုံဆိုင်များနှင့် ဆံတော်ရပ်ကွက်ရှိ လက်လီကုန်စုံဆိုင်များ၊ ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက်ရှိ ကုန်စုံဆိုင်များ၊ ပန်းတောင်းမြို့ ဥသျှစ်ပင်ဈေးနှင့် ပန်းတောင်း စည်ပင်သာယာဈေးတို့ရှိ ကုန်စုံဆိုင်များ၊ ပေါက်ခေါင်းမြို့ရှိ မြို့ပေါ် စတိုးဆိုင်များနှင့် အမှတ် (၅) ရပ်ကွက်ရှိ ကုန်စုံဆိုင်များ၊ လက်ပံတန်းမြို့ မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များနှင့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးရောင်းချသည့်ဆိုင်များသို့ သွားရောက်၍ သက်ဆိုင်ရာဌာနများ၏ သတ်မှတ်လိုင်စင်များ ရှိ-မရှိ၊ စားသုံးရန်သို့မဟုတ် အသုံးပြုရန်မသင့်သည့် ကုန်စည်များ ရောင်းချခြင်း ရှိ-မရှိ၊ စားအုန်းဆီခွဲတမ်းရရှိသည့် ဆီများအား ရောင်းချရာတွင် သတ်မှတ်ဈေးထက် ကျော်လွန် မရောင်းချရန် အလေးချိန် မှန်ကန်စွာရောင်းချပေးရန်နှင့် ဆေးများအား ဆရာဝန်ညွှန်ကြားချက်နှင့် သုံးစွဲရသည့်ဆေးများ၊ နာတာရှည်ရောဂါများအတွက် သုံးစွဲရသည့် ဆေးအမျိုးအစားအလိုက် ဝယ်ယူရရှိမှု အခြေအနေ၊ ပစ္စည်းပြတ်လပ်မှုအခြေအနေ၊ ဈေးနှုန်းမြင့်တင်ရောင်းချမှု

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၀ မှအဆက်*

အခြေအနေများ ရှိ-မရှိ၊ ကုန်အညွှန်း အမှတ်အသားပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသော ကုန်စည်များကို တင်သွင်းရောင်းချခြင်း ရှိ-မရှိ၊ သက်ဆိုင်ရာဌာန၏ ထောက်ခံမှုရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးအနေဖြင့် ထားဝယ်မြို့ပေါ်ရှိ စည်ပင်သာယာဈေးကြီး၊ ဆေးဆိုင်များ၊ ကုန်စုံဆိုင်များ၊ မြိတ်မြို့ပေါ်ရှိ မုန့်တိုက်များ၊ ဆေးဆိုင်များ၊ အမှတ် (၂) အ. ထ. က ကျောင်း မုန့်ဈေးတန်း၊ ကုန်စုံဆိုင်များ၊ ကော့သောင်းမြို့ပေါ်ရှိ အ. လ. က ကျောင်း(သီရိမြိုင်)၊ သောက်ရေသန့်စက်ရုံများ၊ ဆေးဆိုင်များရှိ ရောင်းချနေသော ဆေးဝါးများတွင် သုံးစွဲရန်မသင့်သည့် ဆေးဝါးများ၊ တရားမဝင်ဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးများ ရောင်းချမှု ရှိ-မရှိ၊ ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချလျက်ရှိသော မုန့်များတွင် ကုန်အညွှန်းအမှတ်အသား ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်း ရှိ-မရှိနှင့် သက်တမ်းလွန်ကုန်စည်များရောင်းချနေခြင်း ရှိ-မရှိ၊ ဆန်ဈေးနှုန်းများ၊ ရောနှောဆီများ၊ စက်သုံးဆီအား သက်မှတ်ချက်များနှင့်အညီ ရောင်းချခြင်း ရှိ-မရှိနှင့် စားသောက်ကုန်စည်အမျိုးမျိုးတွင် ကုန်ညွှန်းအမှတ်အသားပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ပြထားရှိခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။ **Source:** တိုင်းဒေသကြီးဦးစီးမှူးရုံးများ

## ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးတို့အတွက် သက်ဆိုင်ရာပြည်နယ်များအလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ရှမ်းစုတောင်ရပ်ကွက်၊ ကျွန်းပင်သာရပ်ကွက်ရှိ ကုန်စုံဆိုင်များ၊ မြစ်ကြီးနားမြို့၊ လယ်ကုန်း ရပ်ကွက်ရှိ စတိုးဆိုင်၊ မန်ခိန်ရပ်ကွက်နှင့် အ. မ. က (၂) ကျောင်းရှိ ကျောင်းမုန့်ဈေးဆိုင်များ၊ ဗန်းမော်မြို့၊ မင်းကုန်းရပ်ကွက်ရှိ ကုန်စုံဆိုင်များ၊ အမှတ် (၁) စည်ပင်သာယာဈေး ကုန်စုံဆိုင်၊ အလယ်ရပ်ရပ်ကွက်ရှိ စတိုးဆိုင်၊ အ. ထ. က (၁) ကျောင်းရှိ ကျောင်းမုန့် ဈေးဆိုင်များနှင့် မင်းကုန်းရပ်ကွက်ရှိ ဆေးနှင့် ဆေးပစ္စည်းရောင်းဝယ်ရေးဆိုင်၊ မိုးညှင်းမြို့၊ မြို့မရပ်ကွက်ရှိ ကုန်စုံဆိုင်၊ အမှတ် (၁) စည်ပင်သာယာဈေးကုန်စုံဆိုင်၊ အ. ထ. က ကျောင်းခွဲ (နားခါ) ရှိ ကျောင်းမုန့်ဈေးဆိုင်၊ မြို့မရပ်ကွက်ရှိ ဆေးဆိုင်များသို့ သွားရောက်၍ အသင့်စားမုန့်အမျိုးမျိုး၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊ အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်ထုပ်အမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်အမျိုးမျိုး၊ ကလေးအသုံး

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*